## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

## တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်

၁။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့၊ နေ့လယ်ပိုင်းတွင် အင်းအား (၃၀၀)ကျော်ပါ တပ်မတော်၏ တပ်ရင်း (၄)ရင်းသည် သီပေါမြို့နယ်၊ မိုင်းတုံကျေးရွာအုပ်စု၊ ခိုင်းဆင်ကျေးရွာ ဒေသအတွင်းရှိ မိမိတို့ တပ်စခန်းအား လည်းကောင်း၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့၊ နံနက်ပိုင်းတွင် ပန်ခါးကျေးရွာဒေသအတွင်းရှိ မိမိတို့ တပ်စခန်းအားလည်းကောင်း ထိုးစစ်ဆင် တိုက်ခိုက်လာသောကြောင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

၂။ တပ်မတော်၏ အာဏာသိမ်းခြင်းကို ဆန့်ကျင်သောအားဖြင့် လူထုလူတန်းစား အလွှာအသီးသီး တို့သည် နိုင်ငံအနှံ့ အထွေထွေဆန္ဒပြပွဲများ ဆင်နွှဲနေကြပြီး နိုင်ငံရေးအကျပ်အတည်းအား အကြမ်းမဖက် ဖြေရှင်းနေချိန်၊ အခက်အခဲပေါင်းများစွာ ကြုံတွေ့နေချိန်တွင် တပ်မတော်က ယခုကဲ့သို့ ကျေးလက်ဒေသအတွင်း ထိုးစစ်ဆင် တိုက်ခိုက်လာခြင်းသည် ဒေသခံကျေးလက်ပြည်သူလူထုအား များစွာ အတိဒုက္ခရောက်စေပြီး ဝန်ထုပ်ဝန်ပိုး ပိုမို ပိစေခဲ့သည်။

၃။ မိမိတို့ ထိန်းချုပ်ရာ အုပ်ချုပ်ရေးနယ်မြေအတွင်းသို့ ဆက်သွယ်ညှိနှိုင်း အကြောင်းကြားခြင်းမပြုဘဲ နယ်မြေရှင်းလင်းရေး၊ နယ်မြေစိုးမိုးရေး အကြောင်းပြချက်ဖြင့် ဝင်ရောက်လာပြီး ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်ပါက တိုက်ပွဲများ ပိုမိုကျယ်ပြန့်လာမည်ကို စိုးရိမ်သည်။

၄။ ဤကဲ့သို့ မိမိတို့ တပ်စခန်းများအား ထိုးစစ်ဆင် တိုက်ခိုက်ခြင်းသည် တပ်မတော်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ချိုးဖောက်ခြင်းဖြစ်ပြီး ယုံကြည်မှုကို ပျက်ပြားယိုယွင်း စေခဲ့သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်

၁။ ဗိုလ်မှူး ခမ်းစံ +၆၆ ၈၀၈ ၇၉၄ ၀၅၃